■ အသံ

# “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”တွင် ပုံစံသစ်ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးကိုတွန်းအားပေး




သမ္မတရှီကျင့်ဖိန်မှ “ပိုးထည်လမ်းစီးပွားရေးဇုန်”နှင့် “(၂၁)ရာစု ပင်လယ်ပိုးထည်လမ်း” အဆိုပြုချက်ကို တည်ဆောက်ရန် တင်ပြခဲ့သည့်ချိန်မှစပြီး “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” ဆောက်လုပ်ရေးသည် နိုင်ငံတကာလူမှုရေးအသိုင်းအဝိုင်းမှ မြင့်မားသောဂရုပြုမှုနှင့် တက်ကြွသောတုံ့ပြန်မှုကို ရရှိခဲ့သည်။ ယခု“ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”ဆောက်လုပ်ရေးသည် ဒေသပူးပေါင်းဆောင်ရွက်သည့် အဆိုပြုချက်တစ်မျိုးဖြစ်သည်သာမက ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးကို ထိရောက်သည့် အတွေးအခေါ်အသစ်နှင့် စင်မြင့်အသစ်တစ်ခုအနေဖြင့်လည်း ဖြစ်နေပြီဖြစ်သည်။ အတူပူးပေါင်းဆောင်ရွက်အကျိုးတူအောင်မြင်လုပ်ဆောင်နေသည့် ဒေသနှင့်နိုင်ငံတကာ၏ အစီအစဉ်အသစ်ကို တည်ဆောက်ရန်တွန်းဆော်ခြင်း၊ ကမ္ဘာ့စီးပွားရေးကို နိမ့်ပါးမှုမှလျှောက်ထွက်ရန်တွန်းဆော်ခြင်း စသည်တို့တွင် အရေးပါသည့် အကျိုးထိရောက်မှုများ ရှိနေပါသည်။

ပူးပေါင်းဆောင်ရွက်မှုပန်းတိုင်အသစ်ကို ဆန်းသစ်ဖွံ့ဖြိုးတိုးတက်။ “ရပ်ဝန်းတစ်ခု၊လမ်းကြောင်းတစ်ခု”ဆောက်လုပ်ရေးသည် တရုတ်နိုင်ငံမှ ပိုမိုနက်ရှိုင်းသော၊ ပိုမိုအဆင့်မြင့်သော ပြည်ပဖွင့်လှစ်ခြင်းဖြစ်မြောက်စေရန် တွန်းအားပေးသည်သာမက ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပြုပြင်ပြောင်းလဲမှု အခြေအနေကိုလည်းဖန်တီးပေးနိုင်ပါသည်။ ဘေးပတ်ဝန်းကျင်နိုင်ငံသာမက ကမ္ဘာ့စီးပွားမြင့်တင်ရေးအတွက် စွမ်းဆောင်ချက်အသစ်၊ နယ်ပယ်အသစ်ကိုပါ တိုးချဲ့ပေးနိုင်နေသည်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” ဆောက်လုပ်ရေးသည် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖြင့် လမ်းကြောင်းပြုသည်။ လမ်းတစ်လျှောက် ဒေသနှင့် နိုင်ငံများအတွက် ကုန်းလမ်းနယ်ခြား အခြေခံအဆောက်အအုံကွန်ယက်၊ စက်မှုခြံဇုန်ဆောက်လုပ်ခြင်း၊ ခေတ်ပေါ် ဆိပ်ကမ်းဆောက်လုပ်ခြင်း၊ ဆိပ်ကမ်းဇုန် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်း၊ ပင်လယ်ပေါ် ကုန်စည်သယ်ပို့မှုကွန်ယက်ဆောက်လုပ်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခြေခံအဆောက်အအုံ အခက်အခဲများကို ထိုးဖောက်နိုင်သည်သာမက ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းအသစ်ကိုလည်းတီထွင်နိုင်ပြီး နိုင်ငံအသီးသီး အတူအောင်မြင်ဖွံ့ဖြိုးတိုးတက်ရန် တွန်းအားပေးနိုင်မည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုအနှစ်သာရကိုဖြည့်စွက်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”အဆိုပြုချက်သည် ဆန်းသစ်မှုကိုမှီပြီး ဖွံ့ဖြိုးတိုးတက်မှု အတွေးအသစ်ကိုထောက်ပံ့ပေးသည်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”ဆောက်လုပ်ရေး၏ ဆန်းသစ်မှုသည် ပူးပေါင်းဆောင်ရွက်မှုဆန်းသစ်မှုဖြစ်သည်။ ပုံမှန်နည်းပညာဆန်းသစ်မှုနှင့်မတူပေ။ ယင်းသည် အတွေ့အကြုံကိုသင်ယူ၊ အရင်းအမြစ်ကိုမျှဝေ၊ အကျိုးအမြတ်ကိုခံစားခြင်းဖြင့် အထွေထွေဖွံ့ဖြိုး တိုးတက်ရေးပတ်ဝန်းကျင်အသစ်ကို တည်ဆောက်၊ စီးပွားရေးတိုးမြှင့်မှုအင်ဂျင်အသစ်ကို မွေးထုတ်ပေးခြင်းဖြင့် အားလုံးပါဝင်ခြင်းနှင့် မျှတသောဆက်လက်ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်မြောက်စေသည်။ အခြေခံအဆောက်အအုံအချင်းချင်းချိတ်ဆက်ရေးသည် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” ဆောက်လုပ်ရေး၏ ဦးစားပေးနယ်ပယ်ဖြစ်သည်။ ယင်း၏အရေးပါအချက်မှာ ခေတ်ပေါ်သော လမ်းပန်းသွားလာရေး ကွန်ယက်ကိုတည်ဆောက်ခြင်းဖြစ်သည်။ ကုန်သွယ်နှင့်ရင်းနှီး ပူးပေါင်းဆောင်ရွက်ရေးသည် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”ဆောက်လုပ်ရေး၏ အရေးပါသောနယ်ပယ်ဖြစ်ပြီး ယင်း၏ရည်ရွယ်ချက်မှာ ကုန်သွယ်ရေးနှင့် ရင်းနှီးမှုအတားအဆီးကို ဖျက်ဆီးဖယ်ရှားရန်ဖြစ်သည်။ ငွေကြေးစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးသည် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” ဆောက်လုပ်ရေး၏ အဓိကအထောက်အထားဖြစ်သည်။ ယင်းသည် ကျယ်ပြန့်သော နယ်ခြားငွေကြေးလုပ်ငန်းစဉ်ကို လွှမ်းမိုးထားနိုင်သည်။ ငွေစက္ကူတည်ငြိမ်မှု၊ စီမံကိန်းရင်းနှီးမှု၊ နယ်စပ်နှစ်ဖက်ငွေစက္ကူအပြန်အလှန်လဲလှယ်မှု၊ ငွေတွက်ချက်မှု၊ စတော့ရှယ်ယာဈေးကွက်၊ တရုတ်ငွေသုံးသပ်စတော့ရှယ်ယာ စသည်တို့ပါဝင်သည်။ အာရှတိုက်အခြေခံအဆောက်အအုံရင်းနှီးမှုဘဏ်၊ BRICSနိုင်ငံများဖွံ့ဖြိုးဘဏ်အသစ်၊ ပိုးထည်လမ်းရန်ပုံငွေ စသည်တို့မှာ အထူးအလေးပါသည့်ဆောင်ရွက်မှုများ လုပ်ဆောင်မည်ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းကိုဆန်းသစ်ဖွံ့ဖြိုး။ ယခုကမ္ဘာ့စီးပွားရေးမှာ ပြုပြင်ပြောင်းလဲမှုကာလရောက်ရှိနေသည်။ ဝင်ငွေခွဲဝေကွာခြားမှုပိုမိုကြီးမားနေပြီး ဖွံ့ဖြိုးတိုးတက်မှု မမျှတမှုကြောင့် ကုန်သွယ်နှင့်ရင်းနှီးတိုးမြှင့်နှုန်းနှေးကွေးစေ၍ ကုန်သွယ်ရေးကာကွယ်မှုမူဝါဒများပြားနေသည်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”သည် ပူးပေါင်းဆောင်ရွက်မှု အဆိုပြုချက်ဖြစ်သည်။ သယ်ဆောင်လာသည်မှာဖွင့်လှစ်၊ ပူးပေါင်းဆောင်ရွက်၊ ဖွံ့ဖြိုးတိုးတက်သည့်ပုံစံအသစ်ဖြစ်သည်။ ပါဝင်သူများမှာ တန်းတူညီမျှသော ပူးပေါင်းဆောင်ရွက်လုပ်ဖော်ဖြစ်သည်။ အတူပါဝင်၊ အတူစီမံ၊ အတူဆောက်လုပ်နှင့် ရလဒ်အတူခံစားဟူသော ပူးပေါင်းဆောင်ရွက်နည်းလမ်းကို ဆောင်ရွက်သည်။ အတူညှိနှိုင်း၊ အတူဆောက်လုပ်၊ အတူမျှဝေခံစားသောမူဝါဒကို လိုက်နာသည်။

ကျန်ဝိမ့်လင်း (စာရေးဆရာသည် တရုတ်လူမှုသိပ္ပံအကယ်ဒမီသင်ကြားရေးဌာနပါတီကော်မတီအဖွဲ့ဝင်၊ နိုင်ငံတကာရေးရာသုတေသန သင်ကြားရေး ဌာနတာဝန်ခံ၊ တရုတ်အာရှပစိဖိတ်ပညာအဖွဲ့ ဥက္ကဋ္ဌဖြစ်သည်။)

## ပထမဆုံးယူနန်ပြည်နယ်အကောက်ခွန်ခရီးသွားစစ်ဆေးရေး ဒစ်ဂျစ်တယ်ကြီးကြပ်အုပ်ချုပ်မှုစနစ်ကို စတင်အသုံးပြု




ယခုရက်ပိုင်း ကူမင်းချန်ရွှေလေဆိပ်အပြည်ပြည်ဆိုင်ရာ ဂိတ်ဝင်လေကြောင်းလိုင်း စစ်ဆေးရေးလုပ်ငန်းခွင်တွင် အကောက်ခွန်ဒစ်ဂျစ်တယ်ဂိတ်ကိုဖြတ်သန်းရာမှာ ခရီးသည်ကအချိန် (၅)စက္ကန့်ဖြင့်သာ ဖြတ်ရန်လိုအပ်ပြီးနောက်တစ်ဆင့် ခရီးဆောင်အိတ်များ စက်ဖြတ်စစ်ဆေးမှုအဆင့်သို့ ချက်ချင်းရောက်ရှိနိုင်ပြီဖြစ်သည်။ ယင်းသည် ယူနန်ပြည်နယ်မှ ပထမဆုံးသော အကောက်ခွန်ခရီးသွားစစ်ဆေး ပြည်ဝင်ဒစ်ဂျစ်တယ်ဂိတ်ကြီးကြပ်မှုစနစ်ကို လေဆိပ်တွင် အောင်မြင်စွာအသုံးပြုခြင်းဖြစ်သည်။ ခရီးသည်များသည် နိုင်ငံကူးလက်မှတ်စသည့် ပြည်ဝင်ထွက်ရာတွင် အကျုံးဝင်သည့် အထောက်အထားများကို ဖတ်စက်ပေါ်၌ scanဖတ်လိုက်ခြင်းဖြင့် စနစ်မှအထောက်အထားအချက်အလက်များအပေါ် စစ်ဆေးသုံးသပ်ကာ ခရီးသွားဧည့်သည်များ ဂိတ်ဖြတ်ခြင်းကို ပိုမိုလွယ်ကူစေခဲ့သည်။

သတင်းထောက် -ဝူဖင်